# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆ - ၉ - ၂၀၁၁ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၊ မွေတောင်ဒေသရှိ ခရိုမိုက်သတ္တုသိုက်ကို လက်ရှိတူးဖော်မှု အခြေအနေနှင့် အလားအလာများကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်အောင်မြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်း (THS) သို့မဟုတ် အစိုးရ နည်းပညာသိပ္ပံ (GTI) တစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **စာချုပ်စာတမ်းတစ်ခုသည် တံဆိပ်ခေါင်း ထိုက်သင့်ခြင်းရှိ/မရှိ၊ ရှိလျှင် မည်မျှထိုက်သင့်သည်ကို အဆုံးအဖြတ်ပေးရန်အတွက် စာချုပ်စာတမ်းဥပဒေအရ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိ၊ တံဆိပ်ခေါင်းဥပဒေအရ မြို့နယ်အခွန်ဦးစီးမှူးတို့အနက် ဥပဒေအရ မည်သူ့တွင် လုပ်ပိုင်ခွင့်ရှိသည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ခေတ်မီမော်ဒယ်မြင့် ဘတ်စ်ကားများ၊ ကုန်တင်ယာဉ်ကြီးများကို ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်စွမ်း ရှိ/မရှိ နှင့် ပြည်ပမှ အခွန်အခ သက်သာစွာဖြင့် ဝယ်ယူတင်သွင်းခွင့် ပြုနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့တွင် ထိုင်း-မြန်မာ နယ်ခြားကုန်သွယ်ရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ထိရောက်သော အခမဲ့မူလတန်းစနစ် ဖော်ဆောင်နိုင်ရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မူလတန်းလွန်ကျောင်း (၆၀၀၀)ကျော်နှင့် တွဲဖက်အလယ်တန်းကျောင်း(၃၀၀)ကျော်တို့အား အလယ်တန်းကျောင်းခွဲများအဆင့်သို့ (၄)နှစ်စီမံကိန်းဖြင့် နှစ်အလိုက် အဆင့်တိုး သတ်မှတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပညာရေး ဝန်ကြီးဌာနအနေဖြင့် မည်သို့စီစဉ် ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၇။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး အတွက်ဖြစ်သော အသေးစားချေးငွေလုပ်ငန်းကို ကြီးမားစွာထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှုအပါအဝင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ခ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ဂ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

၁၀။ ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ)၏ **လယ်ယာ/မြေယာ သိမ်းယူမှုများနှင့် ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်း ဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ စိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၁။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အခြေခံလုပ်သားများအတွက် သင့်လျော်သော နှုန်းထားတစ်ရပ်ဖြင့် အနိမ့်ဆုံးလစာ သတ်မှတ်ချက်ကို ဥပဒေပြဋ္ဌာန်းပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၃။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၄။ ဦးညီညီထွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၏ **မြစ်ချောင်းများရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများအား ဝေငှသည့်အခါ အမှန်တကယ်လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၅။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်များ (၃၂) ကြိမ်မြောက် Asian Interperlimentary Association Assembly (AIPA) အစည်းအဝေး တက်ရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ တင်ပြခြင်း။

၁၇။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။